**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**ဗဟိုစာရင်းအင်းအဖွဲ့**
**ရုံးအမှတ်(၃၂)၊နေပြည်တော်**

## ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်း နှင့် Data Backup Application System လုပ်ငန်းအတွက် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါ အချက်အလက်များ ဖော်ပြခြင်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်ပအထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသော စီမံချက်များတွင် အသုံးပြုမည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများဝယ်ယူရန်နှင့် Data Backup Application System လုပ်ငန်းတို့အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် အညီ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းလွှာများ တင်သွင်းနိုင်ပါသည်-

(က) တင်ဒါတင်သွင်းသော ကုမ္ပဏီအမည် / ဆိုင်အမည် (ကုမ္ပဏီမှတ်ပုံတင် / စည်ပင်လုပ်ငန်း လိုင်စင်မှတ်ပုံတင်)၊ ပိုင်ရှင်၊ MD အမည်နှင့် မှတ်ပုံတင်မိတ္တူ၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်ပြည့်စုံစွာ ဖော်ပြရမည်။ **(တင်ဒါတင်သွင်းသည့် ကုမ္ပဏီများသည် တင်ဒါဖွင့်ရက်မတိုင်မီ (၂)ရက်ကြို၍ တင်သွင်းမည့် ပစ္စည်း၏ အသေးစိတ်အချက်အလက် (Specification) များကို cso.computersection@gmail.com သို့ e-mail ပေးပို့၍ Register စာရင်း တင်သွင်းရပါမည်။ Backup Application System အတွက် Proposal (၅)စုံ ကို တင်ဒါဖွင့်ရက်မတိုင်မီ (၃)ရက်ကြို၍ ရုံးအမှတ်(၃၂) နေပြည်တော်၊ ဗဟိုစာရင်းအင်းအဖွဲ့(ရုံးချုပ်) Computer Section သို့ ကြိုတင်ပေးပို့၍ Register စာရင်း တင်သွင်းရပါမည်။)**

(ခ) တင်ဒါဖွင့်သည့် နေ့ရက်တွင် ပေးသွင်းမည့်ပစ္စည်း၏ အသေးစိတ်အချက်အလက် (Specification)များကို ဈေးနှုန်းတင်သွင်းလွှာနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်ပြီး ဌာနမှ ကြော်ငြာထားသည့်(Specification)နှင့် တင်သွင်းသည့် ပစ္စည်းသည် ကွဲလွဲမှုမရှိစေရပါ။ အနည်းငယ်ကွဲလွဲမှုရှိပါက တင်ဒါဖွင့်သည့်ရက်တွင် ဌာနသို့ အသိပေးရမည်။ ကွဲလွဲမှုရှိပါက ရွေးချယ်ခံရစေကာမူ ပယ်ဖျက်ခြင်းကို လက်ခံရမည်။

(ဂ) ဈေးနှုန်းတင်သွင်းလွှာ၏ ဈေးနှုန်းတည်မြဲမှုကာလသည် ဈေးနှုန်းတင်သွင်းလွှာ ပိတ်ချိန်မှ (၁)လ အတွင်း တည်မြဲမှု ရှိစေရမည်။

(ဃ) သတ်မှတ်အရည်အသွေး(Specification)ပြည့်မီပြီး၊ နောက်ဆုံး ပေးသွင်းနိုင်သော အနည်းဆုံးဈေးနှုန်းကို တင်သွင်းရမည်ဖြစ်ပါသည်။

(င) စိစစ်တင်ပြရာတွင် လွယ်ကူအဆင်ပြေရန်အတွက် တင်ဒါပေးသွင်းသောပစ္စည်း တစ်မျိုးချင်းအလိုက် ဈေးနှုန်းတင်သွင်းရန်နှင့် Price၊ Delivery၊ Validity၊ Payment၊ Brand၊ Country of Origin၊ MA Letter တို့ကို ပြည့်စုံစွာ ဖော်ပြရမည်။

(စ) တင်ဒါခေါ်ယူသော ပစ္စည်းများအား အရေအတွက်လျော့၍ဖြစ်စေ တိုး၍ဖြစ်စေ ဝယ်ယူခြင်းအား လက်ခံရမည်။

(ဆ) တင်ဒါပေးသွင်းရန် စာရင်းသွင်းသည့်ကုမ္ပဏီ၊ အဖွဲ့အစည်းများကိုသာ ရွေးချယ်ရေးအတွက် ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။

(ဇ) နိုင်ငံတော်အစိုးရမှ အမည်ပျက်စာရင်း (Black List) တင်သွင်းထားသော ကုမ္ပဏီ ဖြစ်ပါက တင်ဒါအောင်မြင်ပြီးသော်လည်း ပယ်ဖျက်ပါမည်။

(ဈ) တင်ဒါပေးသွင်းမှုအား တင်ဒါဖွင့်ချိန် မတိုင်မီပေးသွင်းရပါမည်။

(ည) အိတ်ဖွင့်တင်ဒါတင်သွင်းသူများသည် **အိတ်ဖွင့်တင်ဒါအာမခံစပေါ်ငွေ**အဖြစ် မိမိတို့ လုပ်ငန်းတန်ဖိုး၏ **(၁%)** ကို မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရမည်။

(ဋ) တင်ဒါအောင်မြင်သူများသည် (၇) ရက်အတွင်း တင်ဒါသဘောတူ စာချုပ်ချုပ်ဆို ရပါမည်။ စာချုပ်ချုပ်ဆိုသည့် ရက်မှ (၁) လ အတွင်း ပစ္စည်းပေးသွင်းနိုင်ရမည်။

(ဌ) ပစ္စည်းတင်သွင်းရန်အတွက် သဘောတူစာချုပ် ချုပ်ဆိုသည့် ရက်မှစ၍ (၁၄)ရက် အတွင်း ပစ္စည်းရောင်းချသူသည် ပစ္စည်းဝယ်ယူသူ၏ ထောက်ခံချက်ဖြင့် လုပ်ငန်း ပြီးမြောက်မှု အာမခံ (Performance Guarantee) အနေဖြင့် စာချုပ်ပါ တန်ဖိုးငွေ စုစုပေါင်း၏ **၁ဝရာခိုင်နှုန်း**ကို မြန်မာ့စီးပွားရေးဘဏ်တွင် လုပ်ငန်းဆောင်ရွက်မှု ဘဏ်အာမခံ (Bank Guarantee) ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်ပြီး တင်သွင်း သည့် ပစ္စည်းများရောက်ရှိပြီး လိုအပ်သည့် စံချိန်စံညွှန်းများနှင့် ပြည့်စုံကြောင်း (Good Acceptance Certificate) လက်မှတ်ရပြီး လုပ်ငန်းအောင်မြင်စွာ ပြီးစီး ကြောင်း ပစ္စည်းဝယ်ယူသူမှ သဘောတူလက်ခံပြီးသည့်နေ့ရက်မှ နောက် (၆) လ အထိ ဘဏ်တွင် ထားရှိရမည်။

(ဍ) တင်ဒါအောင်မြင်သည့်ကုမ္ပဏီများသည် ဝင်ငွေခွန် ၂%၊ တံဆိပ်ခေါင်းခွန် ၁% နှင့် ကုန်သွယ် လုပ်ငန်းခွန် ၅% ဖြင့် စုစုပေါင်း ၈% အား ဝယ်ယူမည့် ပစ္စည်းအတွက် မြန်မာကျပ်ငွေဖြင့် နိုင်ငံတော်(ပြည်တွင်းအခွန်များဦးစီးဌာန) သို့ ပေးဆောင်ရမည် ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

ဗဟိုစာရင်းအင်းအဖွဲ့